ပြည်ထောင်စုမြန်မာနိုင်ငံဟာကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူတွေကို တိကျစွာ လိုက်နာခဲ့တယ်။ လိုက်နာလျက်လည်းရှိပါတယ်။ ဥပမာ ၁၉၅၃ ခုနှစ်က ချန်ကေရှိတ်ရဲ့ တရုတ်ဖြူတပ်ဖွဲ့တွေ မြန်မာနိုင်ငံကို အကြောင်းမဲ့ ကျူးကျော်တာနဲ့ပတ်သက်လို့ ကျွန်တော်တို့က ကုလသမဂ္ဂကို အားကိုးအားထားပြုပြီး တင်ပြခဲ့ပါတယ်။ အဲဒီကိစ္စမှာ မြန်မာနိုင်ငံ အနေနဲ့ လုံးဝကျေနပ်ဖွယ်မရှိတဲ့ ဆုံးဖြတ်ချက်ကို မည်သို့မျှ စောဒကတက်မနေဘဲ လက်ခံပြီး ပူးပေါင်းဆောင်ရွက်ခဲ့ရုံသာမက ကုလသမဂ္ဂကြီး ပိုမိုရှင်သန်အင်အားတောင့်တင်းစေဖို့ ပေါ်ပေါက်လာတဲ့ အခွင့်အရေးကို အပြည့်အဝ အသုံးပြုပေးခဲ့ပါတယ်။ ဥပမာအားဖြင့် ၁၉၅၆ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ စူးအက်တူးမြောင်းစစ်ပွဲနဲ့ ဟန်ဂေရီ စစ်ပွဲကိစ္စများမှာ ကုလသမဂ္ဂကြီးဘက်က မားမားမတ်မတ်ရပ်တည်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

၁၉၄၈ ခုနှစ်ကစပြီး ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ခဲ့တဲ့မြန်မာနိုင်ငံဟာ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ် အောင်ဆန်း ချမှတ်ပေးခဲ့တဲ့ ဘက်မလိုက်မူဝါဒကို ခံယူပြီး ယနေ့တိုင် တစ်သမတ်တည်း ကျင့်သုံးနေပါတယ်။ ကုလသမဂ္ဂရဲ့ မှတ်တမ်းတွေမှာ မြန်မာနိုင်ငံရဲ့ တိကျမှန်ကန်တဲ့ ရပ်တည်ချက်တွေ အမြောက်အမြား တွေ့နိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝါဒနဲ့ပတ်သက်လို့ ကမ္ဘာရဲ့ လေးစားမှုကို ခံရပါတယ်။

မူဝါဒ၊ စည်းကမ်းတွေနဲ့ ပတ်သက်လာရင် တစ်ဝက်တစ်ပျက်လိုက်နာရုံနဲ့ မလုံလောက်ပါဘူး။ အရှေ့နဲ့ အနောက်အုပ်စုဝင် နိုင်ငံတွေက မက်လုံးပေး မြှူဆွယ်ခဲ့ပေမယ့်လည်း ကျွန်တော်တို့ မျက်နှာမလိုက်ခဲ့ပါဘူး။ အားလုံးနဲ့ ချစ်ကြည်ရင်းနှီးရေးမူဝါဒကို စွဲကိုင်ပြီး ဆက်ဆံခဲ့ပါတယ်။ ရေတိုအကျိုးစီးပွားကိုကြည့်ပြီး သူများ နောက်လိုက်တော့ လုပ်မယ်မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ လွတ်လပ်စွာရပ်တည်မှုနဲ့ ကုလသမဂ္ဂကြီးအပေါ်မှာ ထားရှိတဲ့ သစ္စာနဲ့ ယုံကြည်ချက်များကို ဒီလို မင်္ဂလာရှိတဲ့ ရွှေရတုသဘင်အခါသမယမှာ ထပ်မံအတည်ပြုရတာ လိုက်လျောညီထွေမှု ရှိပါတယ်။

ကုလသမဂ္ဂရဲ့အောင်မြင်မှုတွေကိုသာ ပြောပြီး မအောင်မြင်မှုတွေကို ချန်ထားလို့မဖြစ်ပါဘူး။ အပြုသဘောနဲ့ ထောက်ပြရမှာဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့အားနည်းချက်အချို့ကို ဖော်ပြရပါက အသင်းဝင်နိုင်ငံအချို့ဟာ–

– လွတ်လပ်မှုကို ကြွေးကြော်ရင်း ဖိနှိပ်ချုပ်ချယ်မှုတွေ ပြုလုပ်နေကြပါသေးတယ်၊
– သာတူညီမျှမှုကို လိုလားတယ်ဆိုပြီးတော့ ခွဲခြားမှုကို ကျင့်သုံးနေကြပါသေးတယ်၊
– ညီရင်းအစ်ကိုတွေလို သွေးစည်းမှု ရှိတယ်လို့ပြောပြီး စိမ်းစိမ်းကားကားဆက်ဆံနေကြပါသေးတယ်၊
– ကြောက်ရွံ့မှုမှ ကင်းဝေးစေရမယ်လို့ တစာစာဟစ်အော်ရင်း နှိပ်စက်ညှဉ်းပန်းမှုတွေ ပြုကျင့်နေကြပါသေးတယ်။ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို မကြာခဏ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီလေးစားဖို့ တရားဟောနေကြတဲ့ အချို့ဥရောပနိုင်ငံများဟာ ၄င်းတို့ မျက်မှောက်မှာ ဖြစ်ပွားနေတဲ့ ဘော့စနီးယား ကိစ္စကို မျက်ကွယ်ပြုနေကြပါသေးတယ်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဟာ သမိုင်းစဉ်တစ်လျှောက် နိုင်ငံရေးကိစ္စတွေနဲ့ ရုန်းကန်နေရတဲ့ အချိန်မှာ ကုလသမဂ္ဂလက်အောက်ခံ အခြားလူမှုရေးအဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်များ အောင်မြင်နေသည်မှာ အားတက်ဖွယ် ဖြစ်ပါတယ်။ (U.N.D.P, W.H.O, U.N.I.C.E.F, I.L.O, F.A.O) စတဲ့ အဖွဲ့တွေဟာ ကမ္ဘာကြီးရဲ့ လိုအပ်တဲ့ နေရာတွေမှာ ကူညီပံ့ပိုးမှုတွေ များစွာပေးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့တွေနဲ့ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေးဦးတည်ချက်တွေကို ချမှတ်ပြီး အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်နေတာဟာ မိမိတို့နိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံရုံသာမက ကမ္ဘာကြီးအတွက်ပါ ဖြည့်ဆည်းပေးနေတာဖြစ်ပါတယ်။ စကားစပ်မိလို့ ပြောရပါက ဒီနေ့ အောက်တိုဘာလ ၁၆ ရက်ဟာ ကုလသမဂ္ဂက "သတ္တလောက ရိက္ခာပမာန"(Food For All )လို့ သတ်မှတ်ထားတဲ့နေ့ဖြစ်ပါတယ်။